ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

## (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၁၂၁ ) ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | Mrs. SINI BUJU (စီမံကိန်းပိုင်ရှင်) |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - | Glamdust Co., Ltd.<br>အမှတ် (၃၉၉)၊ စက်မှု (၁) လမ်း၊ (၁၄၄) ရပ်ကွက်၊ ရွာသာကြီး စက်မှုဇုန်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၀၉၉၇၇၈၉၃၂၅၃။ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | လူသုံးကုန်ပစ္စည်းနှင့် အလှကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရအဖွဲ့အစည်းကခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - | (၀.၀၇၂) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - | အမှတ် (၃၉၉)၊ စက်မှု (၁) လမ်း၊ (၁၄၄) ရပ်ကွက်၊ ရွာသာကြီး စက်မှုဇုန်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| (ဆ) | ECC **သက်တမ်း (၅)နှစ်** | - | စတင်ထုတ်ပေးရက် - ၁၂-၉-၂၀၂၃<br>သက်တမ်းကုန်ဆုံးရက် - ၁၁-၉-၂၀၂၈ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - | ညွှန်ကြားရေးမှူးရုံး ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၏ ၂၅-၇-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ရက/ EIA ၅ (၃)/ (၁၉၉၁/၂၀၂၃) ဖြင့် တင်ပြသည့် **"ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP)"** |



၁၂.၁၂.၂၀၂၄

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်း ဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်းမဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနသို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များ နှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်းမရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

## Glamdust Co., Ltd. မှ လူသုံးကုန်ပစ္စည်းနှင့် အလှကုန်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ

၁။ Glamdust Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရွာသာကြီး စက်မှုဇုန်၊ (၁၄၄) ရပ်ကွက်၊ စက်မှု (၁) လမ်း၊ အမှတ် (၃၉၉)၊ မြေဧရိယာ (၀.၀၇၂) ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လူသုံးကုန်ပစ္စည်းနှင့် အလှကုန်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးမှ ၂၅-၇-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ရက/EIA/၅(၃)(၁၈၉၁/၂၀၂၃) ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** Mrs. SINI BUJU ၊ စီမံကိန်းပိုင်ရှင်၊ အမှတ် (၃၉၉)၊ စက်မှု (၁) လမ်း၊ (၁၄၄) ရပ်ကွက်၊ ရွာသာကြီး စက်မှုဇုန်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉၉၇၇၈၉၃၂၅၃ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်မှာ ကုန်ကြမ်းပစ္စည်း ဝယ်ယူ သိုလှောင်ခြင်း၊ အရည်အသွေးစမ်းသပ်ခြင်းနှင့် ရောစပ်မည့် ဓာတုပစ္စည်းများ အချိုးအစား ချိန်ထည့်ခြင်းတို့ ဆောင်ရွက်ပြီး အဝတ်လျှော်ဆပ်ပြာအရည်၊ လက်ဆေးဆပ်ပြာအရည်၊ လက်သန့်ဆေးရည်၊ ပန်းကန်ဆေးဆပ်ပြာအရည်နှင့် ဘက်စုံသုံးဆပ်ပြာအရည်စသည့် ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် အမြဲတမ်းပြည်တွင်းဝန်ထမ်းအနေဖြင့် ကျား (၄) ဦး နှင့် မ (၅) ဦး စုစုပေါင်း (၉) ဦးဖြင့် အလုပ်လုပ်ချိန်မှာ တနင်္လာနေ့မှ သောကြာနေ့အထိ နံနက်(၉:၀၀) နာရီမှ ညနေ(၅:၀၀)နာရီထိ၊ စနေနေ့တွင် နံနက်(၉:၀၀) နာရီမှ နေ့လယ်(၁:၀၀)နာရီထိဆောင်ရွက်မည်ဖြစ်ပြီး၊ အထွေထွေသုံးရေအတွက် စီမံကိန်းအတွင်းရှိ အဝီစိတွင်းမှ ရယူမည်ဖြစ်ပြီး တစ်ရက်လျှင် ရေလီတာ (၁၂၀၀) အသုံးပြုမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားအတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(YESC)မှ ချိတ်ဆက်အသုံးပြုပြီး လျှပ်စစ်ဓာတ်အားလိုင်း ပြတ်တောက်ပါက အရန်အဖြစ်(5) kVA ဂျင်နရေတာမှ ရယူသုံးစွဲကြောင်းနှင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် တစ်လလျှင် (၃၉၄)ယူနစ် သုံးစွဲကြောင်း၊ ကုန်ကြမ်းဓာတုပစ္စည်း (၃၂) မျိုးအား ပြည်တွင်းမှ အဓိက ဝယ်ယူအသုံးပြုလျက်ရှိပြီး၊ နောင်တွင် ပြည်ပနိုင်ငံများဖြစ်သည့် ကိုရီယား၊ ထိုင်း၊ ဂျပန်၊ အိန္ဒိယ၊ အမေရိကန်နှင့် ဥရောပနိုင်ငံများမှ တင်သွင်းမည်ဖြစ်ကြောင်း၊


ကုန်ကြမ်းပစ္စည်းနှင့် စက်ပစ္စည်းများကို အောက်ဖော်ပြပါ ဇယားအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်-

| အသုံးပြုကုန်ကြမ်းပစ္စည်းများ | | | |
|---|---|---|---|
| စဉ် | ဓာတုပစ္စည်းအမျိုးအစားအမည် | တစ်လအသုံးပြုသည့်ပမာဏ | တစ်နှစ်သိုလှောင်မည့်ပမာဏ |
| 1 | Propylene glycol | 34.24 kg | 410.88 kg |
| 2 | Triethanolamine | 20 kg | 240 kg |
| 3 | Ammonium Lauryl Sulfate | 197.72 kg | 2312.64 kg |
| 4 | Sodium Hydroxide | 497.04 kg | 5964.48 kg |
| 5 | Glycerin | 99.706 kg | 1196.16 kg |
| 6 | Formaldehyde | 362.16 kg | 4345.92 kg |
| 7 | Sodium Carbonate | 17.92 kg | 215.04 kg |
| 8 | Citric acid | 54.8 kg | 657.6 kg |
| 9 | Hydrogen peroxide | 1.68 kg | 20.16 kg |
| 10 | Ethoxylated Alchol | 469.28 kg | 5631.36 kg |
| 11 | Sodium Chloride | 17.92 kg | 215.04 kg |
| 12 | Hydroxy Ethyl Cellulose | 144.4 kg | 1732.8 kg |
| 13 | Stearic Acid | 8.4 kg | 100.8 kg |
| 14 | Potassium Hydroxide | 92.48 kg | 1109.76 kg |
| 15 | Ethylene Glycol | 126.24 kg | 1514.88 kg |
| 16 | Ammonium Lauryl Ether Sulfate | 192.72 kg | 2312.64 kg |
| 17 | Sodium Tripolyphoshate | 8 kg | 96 kg |


| | | | |
|---|---|---|---|
| 18 | Sodium Laureth Sulfate | 596.46 kg | 7159.68 kg |
| 19 | Menthol | 1157.36 kg | 13888.32 kg |
| 20 | Sodium Ammonium Lauryl Sulfate | 160 kg | 1920 kg |
| 21 | Isopropyl Alchol | 29.44 kg | 353.28 kg |
| 22 | Silicone Oil | 32.48 kg | 389.76 kg |
| 23 | Ethylene tetra acetic acid | 460.506 kg | 5526.08 kg |
| 24 | Lauric acid | 40.16 kg | 481.92 kg |
| 25 | Myristic acid | 111.016 kg | 1339.2 kg |
| 26 | Sodium Coco Sulphate | 160 kg | 1920 kg |
| 27 | Linear Alkylbenzene Sulfonate | 0.4 kg | 4.8 kg |
| 28 | Betaine | 16 kg | 192 kg |
| 29 | Glyceryl Monosterate | 993.846 kg | 1196.16 kg |
| 30 | Luquid Paraffin | 11.68 kg | 140.16 kg |
| 31 | Carbopol Ultrez 20 Polymer | 160 kg | 1920 kg |
| 32 | Hydrochloric acid | 166.16 kg | 1993.92 kg |

၅။ **စီမံကိန်းတည်နေရာ။** မြေဧရိယာ (၀.၀၇၂)ဧက၊ အမှတ် (၃၉၉)၊ စက်မှု (၁) လမ်း၊ (၁၄၄) ရပ်ကွက်၊ ရွာသာကြီးစက်မှုဇုန်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တည်ရှိပါသည်။

Glamdust Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရွာသာကြီး စက်မှုဇုန်၊ (၁၄၄) ရပ်ကွက်၊ စက်မှု (၁) လမ်း၊ အမှတ် (၃၉၉)၊ မြေဧရိယာ (၀.၀၇၂) ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လူသုံးကုန်ပစ္စည်းနှင့် အလှကုန်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ





Glamdust Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရွာသာကြီး စက်မှုဇုန်၊ (၁၄၄) ရပ်ကွက်၊ စက်မှု (၁) လမ်း၊ အမှတ် (၃၉၉)၊ မြေဧရိယာ (၀.၀၇၂) ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လူသုံးကုန်ပစ္စည်းနှင့် အလှကုန်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း၏ Layout Plan






GROUND FLOOR PLAN


# Glamdust Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရွာသာကြီး စက်မှုဇုန်၊ (၁၄၄) ရပ်ကွက်၊ စက်မှု (၁) လမ်း၊ အမှတ် (၃၉၉)၊ မြေဧရိယာ (၀.၀၇၂) ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လူသုံးကုန်ပစ္စည်းနှင့် အလှကုန်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်




လက်သန့်ဆေးရည်
သန့်စင်ပြီးရေ
အီသိုင်လင်းဒိုင်အေမိုင်းတက်တရာအဆီဒစ်အက်စစ်
ဂလစ်စရင်း၊ ဟိုက်ဒရို့ဂျင်ပါအောက်ဆိုဒ်၊အီသနော
မွှေစက်
လက်သန့်ဆေးရည်
အနံ့


ပန်းကန်ဆေးဆပ်ပြာအရည်
သန့်စင်ပြီးရေ
အီသိုင်လင်းဒိုင်အေမိုင်းတက်တရာအဆီဒစ်အက်စစ်
ဆိုဒီယမ်လော်ရိုင်းဆာလ်ဖိတ်
ဆိုဒီယမ်လော်ရိုင်းအီသာဆာလ်ဖိတ်၊ ၄၀% ပိုတက်
ဆီယမ်ဟိုက်ဒရောက်ဆိုဒ်၊ဆိုဒီယမ်ကလိုရိုက်
မွှေစက်
ပန်းကန်ဆေးဆပ်ပြာအရည်
အရောင်၊အနံ့


ဘက်စုံသုံးဆပ်ပြာအရည်
သန့်စင်ပြီးရေ
ဆိုဒီယမ်လော်ရိုင်းဆာလ်ဖိတ်
ဒီယမ်လော်ရိုင်းအီသာဆာလ်ဖိတ်
ဂလစ်စရင်း၊ ဆိုဒီယမ်ကလိုရိုက်
မွှေစက်
ဘက်စုံသုံးဆပ်ပြာ
အရောင်၊အနံ့

နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**

**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ Glamdust Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရွာသာကြီး စက်မှုဇုန်၊ (၁၄၄) ရပ်ကွက်၊ စက်မှု (၁) လမ်း၊ အမှတ် (၃၉၉)၊ မြေဧရိယာ (၀.၀၇၂) ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လူသုံးကုန်ပစ္စည်းနှင့် အလှကုန်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၏ ၂၅-၇-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ရက/EIA/၅(၃)(၁၈၉၁/၂၀၂၃)ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်(EMP)တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက် ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** လုပ်ငန်းစဉ်အဆင့်ဆင့်အနေဖြင့် ကုန်ကြမ်းပစ္စည်း ဝယ်ယူသိုလှောင်ခြင်း၊ အရည်အသွေးစမ်းသပ်ခြင်းနှင့် ရောစပ်မည့် ဓာတုပစ္စည်းများအား အချိုးအစားအတိုင်း ချိန်ထည့်၍ ရောမွှေခြင်းတို့ ဆောင်ရွက်ပြီး အဝတ်လျှော်ဆပ်ပြာအရည်၊ လက်ဆေးဆပ်ပြာအရည်၊ လက်သန့်ဆေးရည်၊ ပန်းကန်ဆေးဆပ်ပြာအရည်နှင့် ဘက်စုံသုံးဆပ်ပြာအရည် စသည့် ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းတို့ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အခိုးအငွေ့ထွက်ရှိမှုနည်းပါးသည့် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိသော (Eco Friendly Products) နှင့် အရည်အသွေးပြည့်မီသော လောင်စာဆီများကို ရွေးချယ်အသုံးပြုရန်၊

(၂) လုပ်ငန်းသုံးယာဉ်များနှင့် စက်ပစ္စည်းများအား ပုံမှန်စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ပြုပြင်ထိန်းသိမ်းရန်၊

(၃) ယာဉ်သုံးစွဲမှု အနည်းဆုံးဖြစ်အောင် စီမံဆောင်ရွက်ရန်၊

(၄) ကုန်ပစ္စည်းထုတ်လုပ်သည့် အဆောက်အအုံအတွင်း လေဝင်လေထွက် ကောင်းမွန်စေရန် ဖုန်စုပ်စက်၊ ပန်ကာနှင့် လုံလောက်သော လေအေးပေးစက်များ တပ်ဆင်ထားရှိရန်၊

(၅) စွန့်ပစ်ပစ္စည်းများကို မီးရှို့ခြင်းအား ရှောင်ရှားရန်။

(ဃ) **ဆူညံသံ၊တုန်ခါမှုစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံထွက်ရှိမှုနည်းပါးသည့် စက်ယန္တရားများနှင့် မီးစက်အား (Low Noise Emission Machines) ရွေးချယ်အသုံးပြုရန်၊

(၂) ဆူညံသံထွက်ရှိသည့် လုပ်ငန်းများအား အချိန်သတ်မှတ်ချက်ဖြင့် နေ့အချိန်တွင်သာ ရွေးချယ်အသုံးပြုရန်၊

(၃) လုပ်ငန်းသုံးယာဉ်များနှင့် စက်ပစ္စည်းများအား ပုံမှန်စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(၄) အရည်အသွေးပြည့်မီသော လောင်စာဆီများအား ရွေးချယ်အသုံးပြုရန်။

(င) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကုန်ကြမ်းများထုပ်ပိုးရာတွင် အသုံးပြုသော အန္တရာယ်မရှိသည့် ပြန်လည် အသုံးပြုနိုင်သည့် စွန့်ပစ်ပစ္စည်းများအား ပြန်လည်အသုံးပြုခြင်းနှင့် စွန့်ပစ်ပစ္စည်းဝယ်ယူသူများထံသို့ ပြန်လည်ရောင်းချခြင်းများ ဆောင်ရွက်သွားရန်၊

(၂) ဝန်ထမ်းများမှ ထွက်ရှိသည့် စားကြွင်းစားကျန်နှင့် တစ်ကိုယ်ရေသုံး စွန့်ပစ်အမှိုက်များအား အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ရန်၊

(၃) စီမံကိန်းအတွင်း လုံလောက်သည့် အမှိုက်ပုံးများ ထားရှိခြင်းနှင့် အပတ်စဉ် YCDC နှင့် ချိတ်ဆက်၍ စွန့်ပစ်ရန်၊

(၄) လုံလောက်သော မိလ္လာစနစ်နှင့် သန့်စင်ခန်းများ ထားရှိရန်၊

(၅) အမှိုက်များ မီးရှို့ခြင်းအား တားမြစ်ရန်၊

(၆) လုပ်ငန်းသုံးစက်ပစ္စည်းများမှ ထွက်ရှိသော အသုံးပြုပြီး အင်ဂျင်ဆီများ၊ ချောဆီနှင့် လောင်စာဆီများအား လုံခြုံသော ဘူးဖြင့်ထုပ်ပိုးပြီး အသိပေး၍ သက်ဆိုင်ရာ လမ်းညွှန်ချက်နှင့်အညီ စွန့်ပစ်ရန်၊

(၇) ဓာတုကုန်ကြမ်းများသယ်ယူရာတွင် အသုံးပြုသော ပလတ်စတစ်ဘူးခွံများ၊ သိုလှောင်စည်များအား လုပ်ငန်းတွင် ပြန်လည်အသုံးပြုခြင်းနှင့် စွန့်ပစ်ပါက အသိပေး၍ သက်ဆိုင်ရာ လမ်းညွှန်ချက်နှင့်အညီစွန့်ပစ်ဆောင်ရွက်ရန်၊

(၈) လူသုံးကုန်အထွေထွေ စွန့်ပစ်ပစ္စည်းများဖြစ်သည့် သက်တမ်းကုန်မီးလုံးများ၊ ဓာတ်ခဲများနှင့်အခြား လျှပ်စစ်ဆိုင်ရာ စွန့်ပစ်ပစ္စည်းများအား မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ စွန့်ပစ်ရန်။

( စ) **စွန့်ပစ်ရေစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအတွင်း ရေနုတ်မြောင်းစနစ်များ စနစ်တကျဆောင်ရွက်ရန်၊

(၂) ပြန်လည်အသုံးပြု၍ရသော စွန့်ပစ်အရည်များ (ဝန်ထမ်းများရေချိုးရာမှ ထွက်ရှိလာသော စွန့်ပစ်အရည်)အား သစ်ပင်ရေလောင်းခြင်းနှင့် ဖုန်ထသော နေရာများသို့ ရေဖျန်းပေးခြင်းတို့ ဆောင်ရွက်ရန်၊

(၃) စက်ပစ္စည်းများမှ ထွက်ရှိသော ဆေးကြောရေ (ဆပ်ပြာရည်) များအား လုပ်ငန်းခွင်အတွင်း ပြန်လည်အသုံးပြုရန်၊

(၄) ဝန်ထမ်းများမှ ထွက်ရှိသော စွန့်ပစ်အရည်များအတွက် ရေနုတ်မြောင်းမှတစ်ဆင့် မြို့တော်စည်ပင်သာယာရေးအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ရေဆိုးမြောင်းအတွင်းသို့ စနစ်တကျစွန့်ပစ်ရန်၊

(၅) လုံလောက်သော မိလ္လာစနစ်နှင့် သန့်စင်ခန်းများထားရှိရန်၊

(၆) ယာယီအမှိုက်ပုံးများမှ စွန့်ထုတ်ရည်ထွက်ရှိမှု မရှိစေရန် စနစ်တကျ သိမ်းဆည်း၍ အပတ်စဉ် စွန့်ပစ်ရန်။

(ဆ) **အနံ့စီမံခန့်ခွဲမှုစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဧရိယာအတွင်းတွင် လေဝင်လေထွက် ကောင်းမွန်စေရန် Exhausted Fan များနှင့် Ventilator များ တပ်ဆင်ထားရှိရန်၊

(၂) စီမံကိန်းအတွင်း အသုံးပြုသော စက်ယန္တရားများအား အခိုးအငွေ့ထွက်ရှိမှု နည်းပါးသော ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိသည့် စက်ယန္တရားများ ရွေးချယ်အသုံးပြုရန်၊

(၃) အနံ့ထွက်ရှိမှုအား စဉ်ဆက်မပြတ် စောင့်ကြပ်စစ်ဆေးရန်။

(ဇ) **ဓာတုပစ္စည်းကိုင်တွယ်ခြင်းနှင့် သိုလှောင်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်တွင် အသုံးပြုသော လောင်စာဆီများ၊ မော်တော်ယာဉ်သုံး ချောဆီနှင့် ဒီဇယ်ဆီများအား သိုလှောင်ရုံ သီးသန့်ထားရှိ၍ စနစ်တကျ ကိုင်တွယ်အသုံးပြုရန်၊

(၂) ဓာတုကုန်ကြမ်းပစ္စည်းများနှင့် အန္တရာယ်ရှိသော ဓာတုအရည်များအား သိုလှောင်ရုံတွင် စနစ်တကျသိုလှောင်ထားရှိပြီး ၎င်း၏အန္တရာယ်ရှိမှု အဆင့်အလိုက် အသိပေးစာများနှင့် ကိုင်တွယ်အသုံးပြုပုံ ညွှန်ကြားချက်များအား ဝန်ထမ်းများ သိရှိစေရန် နံရံတွင် ချိတ်ဆွဲထားရှိရန်၊

(၃) သိုလှောင်ရုံတွင် လေဝင်လေထွက်ကောင်းမွန်စေရန် လေသန့်စင်သည့် ပန်ကာများ တပ်ဆင်ရန်၊

(၄) ဓာတုကုန်ကြမ်းများ ကိုင်တွယ်အသုံးပြုသောအခါ ဖိတ်စင်မှုနှင့် စိမ့်ထွက်ပျံ့လွင့်မှု မရှိစေရန် ကျွမ်းကျင်သော ဝန်ထမ်းများမှ သတိထားကိုင်တွယ်စေခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းများ ဆောင်ရွက်ရန်၊

(၅) တစ်စုံတစ်ရာဖိတ်စင်ခဲ့ပါက ၎င်း၏ အန္တရာယ်ရှိမှုအဆင့်အလိုက် သက်ဆိုင်ရာလမ်းညွှန်ချက်များအတိုင်း ချက်ချင်းပြန်လည်သန့်စင်ခြင်းများ ဆောင်ရွက်ရန်။

(ဈ) **ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အန္တရာယ်ရှိသောပစ္စည်းများအား ကိုင်တွယ်အသုံးပြုရာတွင် တစ်ကိုယ်ရေသုံးကာကွယ်ရေးပစ္စည်းများ (PEE) အပြည့်အစုံဖြင့် စနစ်တကျဝတ်ဆင်ခြင်းတို့ဆောင်ရွက်ရန်၊

(၂) အပူချိန်များသော နေရာများတွင် လေဝင်လေထွက် ကောင်းမွန်စေရန် Ventilation System နှင့် Air Flow System များ တပ်ဆင်ပေးခြင်းတို့ ဆောင်ရွက်ရန်၊

(၃) လုပ်သားများအား ပုံမှန် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ ဆောင်ရွက်ရန်၊

(၄) စက်ရုံတွင် အရေးပေါ်ပြုစုရန် ဆေးပေးခန်းထားရှိရန်၊

(၅) ဝန်ထမ်းများ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ သင်တန်းများအား စေလွှတ်၍ စက်ရုံတွင် ဆင့်ပွားသင်တန်းများ ပြုလုပ်ရန်။

(ည) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးစီမံခန့်ခွဲမှုအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အန္တရာယ်ရှိသော ပစ္စည်းများအား သတ်မှတ်ထားရှိပြီး သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းအတိုင်း ကိုင်တွယ်သိုလှောင်ထားရှိရန်၊

(၂) ထိခိုက်မှုများမှ ကာကွယ်ရန် လုပ်ငန်းခွင်သုံး အကာအကွယ်ပစ္စည်းများနှင့် နည်းလမ်းများအား ဖော်ပြထားရှိရန်၊

(၃) အရေးပေါ် တုံ့ပြန်မှုသင်တန်းများ လေ့ကျင့်သင်ကြားပေးရန်။

(ဋ) **မီးဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးသတ်ဆေးဘူးများ၊ မီးသတ်ရေသိုလှောင်ကန်များထားရှိခြင်းနှင့် အန္တရာယ်ရှိသောနေရာများတွင် မီးဘေးအန္တရာယ်ဆိုင်းဘုတ်များ တပ်ဆင်ထားရှိရန်၊

(၂) အရည်အသွေးကောင်းမွန်သော လျှပ်စစ်မီးကြိုးများ၊ Safeguard များ အသုံးပြု ဆောင်ရွက်ရန်၊

(၃) အပူချိန်လွန်ကဲသော စက်ယန္တရားများ မောင်းနှင်ရာနေရာများတွင် အပူချိန်တိုင်းကိရိယာများတပ်ဆင်ဆောင်ရွက်ရန်၊

(၄) အရေးပေါ်ဖြစ်ပွားလျှင် ဆေးကုသရေးနှင့် မီးသတ်ဌာန၊ အစိုးရဌာနများသို့ ဆက်သွယ်ရန် ဖုန်းနံပါတ်များအား စက်ရုံအတွင်း အလွယ်တကူမြင်သာသည့် နေရာများတွင် ထားရှိဆောင်ရွက်ရန်။

(ဌ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့် ပတ်သက်၍ အစီရင်ခံစာပါ သတ်မှတ်နေရာတွင် Temperature, Relative Humidity, $PM_{10}$, $PM_{2.5}$, $SO_2$, $CO_2$, CO, $NO_2$, VOC, $O_3$, $CH_4$ စသည့် ပါရာမီတာတို့အား (၆) လလျှင် တစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၂) ဆူညံသံနှင့် ပတ်သက်၍ အစီရင်ခံစာပါ သတ်မှတ်နေရာတွင် (၁) နှစ်လျှင် နှစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၃) ရေအရည်အသွေးနှင့်ပတ်သက်၍ အစီရင်ခံစာပါ သတ်မှတ်နေရာတွင် Temperature, pH, BOD, COD, Total, Dissloved Solid, Total Suspended Solid, Total Suspended Solid, Total Coliform, $N_2$ စသည့် ပါရာမီတာတို့အား (၆) လလျှင် တစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၄) အနံ့နှင့်ပတ်သက်၍ အစီရင်ခံစာပါ သတ်မှတ်နေရာတွင် အပတ်စဉ် တိုင်းတာ စစ်ဆေးရန်၊

(၅) မြေအရည်အသွေးနှင့် ပတ်သက်၍ လောင်စာဆီ မတော်တဆဖိတ်စင်ခြင်းနှင့် မိလ္လာကန်စနစ်တို့ကို တစ်နှစ်လျှင်တစ်ကြိမ် စောင့်ကြည့်စစ်ဆေးရန်၊

(၆) စွန့်ပစ်ပစ္စည်း (အစိုင်အခဲ)နှင့်ပတ်သက်၍ စီမံကိန်းလည်ပတ်သည့်ကာလ၌ စွန့်ပစ်ပစ္စည်းများကို ခွဲခြားစွန့်ပစ်ခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြုပြင်၍

အခြားနည်းဖြင့်သုံးစွဲခြင်းတို့အား အပတ်စဉ် စက်ရုံရေိယာအတွင်း စောင့်ကြည့်စစ်ဆေးရန်၊

(၇) မီးဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ မီးလောင်ကျွမ်းနိုင်ခြေနှင့် တုံ့ပြန်ဆောင်ရွက်မည့် အခြေအနေ၊ မီးဘေးအန္တရာယ်ကင်းရှင်းမှုအခြေအနေ၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းမှုအခြေအနေတို့အား လစဉ် စက်ရုံဧရိယာအတွင်း စောင့်ကြည့်စစ်ဆေးရန်၊

(၈) ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအနေဖြင့် မတော်တဆ ထိခိုက်မှုများနှင့် ရောဂါကူးစက်မှုအခြေအနေနှင့် လူမှုရေးပဋိပက္ခများကို လစဉ် စက်ရုံဧရိယာအတွင်း စောင့်ကြည့်စစ်ဆေးရန်၊

(ဃ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တို့အတွက် အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(င) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့်စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့ဆန္ဒနှင့် သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

(စ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်း ဆောင်ရွက်ရမည်-

(၁) လုပ်ငန်းလည်ပတ်စဉ်ကာလ ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးထိခိုက်မှုနှင့် လျှော့ချရေး အစီအစဉ်အတွက် နှစ်စဉ် ခန့်မှန်းရန်ပုံငွေ ၅,၄၀၀,၀၀၀ ကျပ် သုံးစွဲမည်ကို လိုက်နာရန်၊

(၂) လုပ်ငန်းလည်ပတ်စဉ်ကာလ စောင့်ကြပ်ကြည့်ရှုခြင်း အစီအစဉ်အတွက် နှစ်စဉ် ခန့်မှန်းရန်ပုံငွေ ၆,၈၀၀,၀၀၀ ကျပ် သုံးစွဲမည်ကို လိုက်နာရန်၊

(၃) လုပ်ငန်းလည်ပတ်စဉ်ကာလ သက်ဆိုင်ရာ သင်တန်းများ ပို့ချခြင်းအစီအစဉ်အတွက် နှစ်စဉ် ခန့်မှန်းရန်ပုံငွေ ၁,၀၀၀,၀၀၀ ကျပ် သုံးစွဲမည်ကို လိုက်နာရန်၊

(၄) လုပ်ငန်းလည်ပတ်စဉ်ကာလ အရေးပေါ်အခြေအနေအတွက် နှစ်စဉ် ခန့်မှန်းရန်ပုံငွေ ၁,၀၀၀,၀၀၀ ကျပ် သုံးစွဲမည်ကို လိုက်နာရန်၊

(၅) လုပ်ငန်းလည်ပတ်စဉ်ကာလ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ဆိုင်ရာ လုပ်ငန်းများအတွက် နှစ်စဉ် ခန့်မှန်းရန်ပုံငွေ ၃,၅၀၀,၀၀၀ ကျပ် သုံးစွဲမည်ကို လိုက်နာရန်၊

(၆) စီမံကိန်းရပ်ဆိုင်းခြင်းနှင့် ပိတ်သိမ်းခြင်းလုပ်ငန်းများအတွက် နှစ်စဉ် ခန့်မှန်းရန်ပုံငွေ ၅,၂၀၀,၀၀၀ ကျပ် သုံးစွဲမည်ကို လိုက်နာရန်၊

(၇) လုပ်ငန်းစုစုပေါင်းအမြတ်ငွေ၏ (၂)% မှ အလုပ်သမားများအား အခမဲ့အရေးပေါ် ကျန်းမာရေး ကုသမှုများ၊ နှစ်စဉ် ကျန်းမာရေးစစ်ဆေးမှုများ ထောက်ပံ့ခြင်း၊ အလုပ်သမားများနှင့်အတူနေ မိသားစုများအား ဆေးဝါးထောက်ပံ့ခြင်း၊ ဝန်ထမ်း စွမ်းရည်မြှင့်တင်မှုစီမံချက်များ၊ ဝန်ထမ်းများအား အားလပ်ရက်ခရီးစဉ်များ စီစဉ် ပေးခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များ ထောက်ပံ့ခြင်း၊ ဝန်ထမ်းများ၏ လူနေမှုအဆင့်အတန်း မြှင့်တင်ခြင်း၊ ဒေသဖွံ့ဖြိုးမှုနှင့် လူမှုစီးပွား တိုးတက်ရေးအတွက် တစ်တပ်တစ်အား ပါဝင်ထောက်ပံ့ခြင်းအတွက် ထောက်ပံ့ သွားမည်ကို လိုက်နာရန်၊

(တ) **လုပ်ငန်းပိတ်သိမ်းခြင်း။** စက်ရုံပိတ်သိမ်းခြင်းကို ဆက်စပ်ဌာနဆိုင်ရာများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပိတ်သိမ်းခြင်း မဆောင်ရွက်မီ တစ်လကြိုတင်၍ ပိတ်သိမ်းမည့် အစီအစဉ်ကို တင်ပြရမည်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့်စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ပါဖော်ပြပါ စည်းကမ်း ချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက် များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၂၀)တို့နှင့် စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှင်လှုပ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်၊

(၂) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စီမံကိန်းလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျ စွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စီမံကိန်းလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် အရည်အသွေးနှင့် သတ်မှတ်ချက်မပြည့်မီသည့် ကုန်ကြမ်းနှင့် ကုန်ချောပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများကို ထွက်ရှိမှု လျှော့ချခြင်း (Reduce)၊ ပြန်လည်သုံးစွဲခြင်း (Reuse) နှင့် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း (Recycle) 3Rs စနစ်ဖြင့် စီမံဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်၊

(၉) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၄၊ ၁၅ နှင့် ၁၆ တို့အရ ပတ်ဝန်းကျင် ညစ်ညမ်းမှုကိုဖြစ်ပေါ်စေသည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း စွန့်ပစ် ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်ရန်၊ ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် လုပ်ငန်း သို့မဟုတ် ပိုင်ရှင်ဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို စောင့်ကြပ် ကြည့်ရှု ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာ စုပေါင်းအစီအမံတွင် သတ်မှတ်သည့် ငွေ သို့မဟုတ် ပစ္စည်းထည့်ဝင်၍ ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အသုံးပြုခ သို့မဟုတ် စီမံခန့်ခွဲမှုကုန်ကျစရိတ်ကို ထည့်ဝင် ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထုတ်ပြန်ထားသော ညွှန်ကြားချက် များကို လိုက်နာဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်း ရေဆိုး များနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရမည်၊

(၃) အသုံးပြု ကုန်ကြမ်းပစ္စည်းများနှင့် စက်ပစ္စည်းများနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ် ပြောင်းလဲမှုရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(၄) စီမံကိန်းနှင့်ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက် များကို လိုက်နာဆောင်ရွက်ရမည်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံ ခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက် ရမည်။

(ဃ) **စွန့်ပစ်ပစ္စည်းနှင့် စွန့်ပစ်ရေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ ။** စွန့်ပစ်ပစ္စည်းနှင့် စွန့်ပစ်ရေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းစဉ်မှထွက်ရှိသည့် ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်း၊ ဓာတုကုန်ကြမ်းများ သယ်ယူရာတွင် အသုံးပြုသော ပလတ်စတစ်ဘူးခွံများ၊ သိုလှောင်စည်များအား စနစ်တကျထုပ်ပိုး၍ စွန့်ပစ်ရန်၊

(၂) လုပ်ငန်းစဉ်မှ ထွက်ရှိလာသော ရေဆိုးများနှင့် စက်ပစ္စည်းများ ဆေးကြောရာမှ ထွက်ရှိလာသော ရေဆိုးများကို သတ်မှတ်စံချိန်စံညွှန်းအတွင်း ရရှိအောင် သန့်စင်ဆောင်ရွက်ပြီးမှသာ စွန့်ထုတ်ရန်။

(င) **ဓာတုပစ္စည်းကိုင်တွယ်ခြင်းနှင့် သိုလှောင်ခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ဓာတုပစ္စည်းကိုင်တွယ်ခြင်းနှင့် သိုလှောင်ခြင်းဆိုင်ရာ စည်းကမ်း သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းအတွက် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများနှင့် ဓာတုပစ္စည်းများ သယ်ယူပို့ဆောင်မှု၊ သိုလှောင်မှု၊ ကိုင်တွယ်အသုံးပြုမှုနှင့် စွန့်ပစ်မှုတို့ ဆောင်ရွက်ရာတွင် Material Safety Data Sheet ပါ စည်းကမ်း သတ်မှတ်ချက်များ၊ လမ်းညွှန်ချက်များနှင့် သက်ဆိုင်ရာဌာန စည်းကမ်းသတ်မှတ်ချက်များ၊ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၂) ဓာတုပစ္စည်းဖိတ်စင်မှုဖြစ်ပေါ်ပါက ဖြေရှင်းဆောင်ရွက်မည့် အစီအစဉ်များအား ချမှတ်ဆောင်ရွက်ထားရန်၊

(၃) ဓာတုပစ္စည်းများ သိုလှောင်ထားရှိရာ၌ Chemical Reaction မှ တစ်ဆင့် မတော်တဆမှု မဖြစ်ပွားစေရေး ဓာတုပစ္စည်းအလိုက် သိုလှောင်ထားရှိရမည့် SOPs နှင့်အညီ စီမံဆောင်ရွက်ရန်၊

(၄) ဓာတုပစ္စည်းကိုင်တွယ်အသုံးပြုသည့်ဝန်ထမ်းများအား ဆက်စပ်သင်တန်းများ တက်ရောက်စေမည်ဖြစ်ကြောင်း ထည့်သွင်းဖော်ပြရန်နှင့် အဆိုပါဝန်ထမ်းများ အတွက် PPE များထောက်ပံ့ပေးရန်၊

(၅) ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် အသုံးပြုသည့် ဓာတုပစ္စည်းများအား တိုက်ရိုက် ထိတွေ့ကိုင်တွယ်ခြင်းမပြုဘဲ လုပ်ငန်းခွင်သုံး လုံခြုံရေးအကာအကွယ် ပစ္စည်း များ ဝတ်ဆင်အသုံးပြု ဆောင်ရွက်စေခြင်းနှင့် လုပ်ငန်းခွင်အတွင်း အရေးပေါ် ဆေးသေတ္တာ စီမံဆောင်ရွက်ထားရှိခြင်းနှင့် အရေးပေါ် အခြေအနေဖြစ်ပေါ် လာပါက နီးစပ်ရာ ဆေးရုံ/ဆေးခန်းသို့ ပို့ဆောင်နိုင်ရေး စီမံထားရှိရန်၊

(၆) ကုန်ထုတ်လုပ်ငန်းတွင်အသုံးပြုသည့် ကုန်ကြမ်းဓာတုပစ္စည်းများကြောင့် အလုပ်သမားများနှင့် စက်ရုံများအနီးတွင်နေထိုင်သော လူမှုပတ်ဝန်းကျင်အတွက် ကျန်းမာရေးဆိုင်ရာ အန္တရာယ်များ မဖြစ်ပေါ်စေရေး စနစ်တကျဆောင်ရွက်ရန်။

(စ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရမည်။

(ဆ) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကိုလုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဇ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄)နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယ တိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းရေိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာ

ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု၊

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏အပြီးသတ်လုပ်ငန်း

အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(ည) **လူမှုတာဝန်သိအစီအစဉ် (CSR) ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေးစီစဉ်ဆောင်ရွက်ရမည်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း (Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရမည်။

(ဋ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော်ကြေညာရမည်။

(၄) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာအခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့်ခွင့်ပြုချက်ကိုလက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင်ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါစည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေး လုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်း ရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိ တွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့်သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရမည်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လ တစ်ကြိမ် တင်ပြရန် နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့တင်ပြသည့်နေ့ရက်မှ (၁၀) ရက် အတွင်း ထုတ်ဖော်ကြေညာရမည်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာ ဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာန သို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ် များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရန်တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံ နိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀) ရက် အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီ ထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်ဆို ဝင်ရောက်ကြည့်ရှု နိုင်ရေး ခွင့်ပြုရမည်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား

ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရမည်၊

(ဃ) ဝန်ကြီးဌာနမှဖြစ်စေ၊ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှကျခံရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅) နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆)လ ကြိုတင်၍သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီးပထမ(၂)နှစ်အတွင်း စီမံကိန်း ၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့် သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး (၂)နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ် တင်ပြရမည်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မူလပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သောနည်းလမ်း အစိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့် ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထားအချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့်အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက် အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---